ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# ရိုးကြီးကျေးရွာ

မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇-၂၀၂၁)




ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ရိုးကြီးကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ

# ရိုးကြီးကျေးရွာ

# မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ – ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရိုးကြီးကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ


မာတိကာ ၁

စကားချီး ၅

ရိုးကြီးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု
၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား‌မဆိုင်ရာ ကိစ္စဆိုင်ရာ

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်း ပေးရမည့်ကိစ္စများ ၁၈

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
၂၀

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်
၂၃

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ
၂၄

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း
၂၆

(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၂

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ခါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍာအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍာ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ
အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်
စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**
**၆၇**
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)**

၇၀

**ကိုးကားစာရင်း**
၇၅

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအားအထူးပင် ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဥ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဥ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှုပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ် များကိုမူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီလ၊ ၂၀၁၇ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရိုးကြီးကျေးရွာ
မင်းဘူးမြို့နယ်

## ရိုးကြီးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများ အားတင်ပြမည် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသန လုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့ မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ ကျေးရွာသည် မင်းဘူးမြို့၏ အနောက်ဘက်(၇)မိုင်ခန့်ဝေးပြီး မကွေး မြို့နှင့် (၁၂)မိုင်ဝေးပါသည်။စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး မြေဆီဩဇာ အသင့်အတင့် ရှိပါသည်။မြို့သို့ကား၊သုံးဘီး၊ဆိုင်ကယ်တို့ဖြင့် သွားလာနိုင်ပါသည်။ထွက်ကုန်များဖြစ်သည့် (ပဲ၊နှမ်း၊ဆန်) စသည့်စားသောက်ကုန်ပစ္စည်းများကို ရောင်းချ၍လူသုံးကုန်စ္စည်းများကို မင်းဘူးမြို့နှင့် မကွေးမြို့သို့သွားရောက်ရောင်းချ ဝယ်ယူရရှိပါသည်။ကျွန်တော်တို့ကျေးရွာ သည်မြို့နှင့်အလှမ်းမဝေးလှသဖြင့် သွားလာရလွယ်ကူသော်လည်း မိုးရာသီတွင် သွားလာရ အနည်းငယ်ခက်ခဲပါသည်။

### (ခ)သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်း မွန်သည်။ကျေးရွာတွင်သဘာဝ သယံဇာတမထွက်ရှိပါ။သဘာဝတိရိစ္ဆာန်များ ရရှိနိုင်မှု နည်းပါးသောကြောင့် လက်လှမ်းမှီမှုခက်ခဲပါသည်။သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင် အပင်များ) ရရှိနိုင်မှုမှာ အသင့်အတင့်ရှိသောကြောင့် လက်လှမ်းမှီနိုင်မှု လွယ်ကူပါသည်။ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက (၄၃၈.၅၀)ဧကရှိပြီး စပါး၊နှမ်းနှင့် ပဲအမျိုးမျိုးတို့ကို အဓိကစိုက်ပျိုးကြသည်။နှစ်ရှည်သီးနှံစိုက်ခင်းအနေဖြင့် သနပ်ခါးပင် စိုက်ပျိုးထားသော ခြံ(၀.၅)ဧကရှိပါသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၀၉)စုနှင့် ကျား(၁၉၅)ဦး၊ မ(၂၂၈)ဦး လူဦးရေပေါင်း (၄၂၃)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၃.၈၈)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း (၅) ဦးအောက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည်ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၈%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေးတိုးတက်အောင် စွမ်းဆောင် နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်(၃.၃၁)% ပိုများသည်။ကျေးရွာတွင်အလုပ်လုပ်နိုင်သော အရွယ်များသောကြောင့် ဖွံ့ဖြိုးရန်အလားအလာရှိပါသည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ သီးနှံရိတ်သိမ်းချိန်တွင်သာ ဝင်ငွေရရှိပြီး ကျန်အချိန်များမှာ ဝင်ငွေရရှိမှု မရှိပါ။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၅၆.၈၈%) သည်ဆင်းရဲနှင့်အလွန်ဆင်းရဲသော အိမ်ထောင်စုဖြစ်ကြပြီး (၆.၄၂%)သည် ချမ်းသာသော အဆင့် (၃၆.၆၉%)သည် အလယ်အလတ်အဆင့်ရှိသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှုနှင့် လယ်ယာသုံးစက်ကိရိယာ သုံးစွဲနိုင်မှုနည်းပါးသောကြောင့် ကျေးရွာစီးပွားရေးအနေအာထားမှာ အသင့်အတင့်ကောင်းသည်ဟု သတ်မှတ်နိုင်ပါသည်။ ဆည်မြောင်းဦးစီးဌာနတွင် လုပ်ကိုင်သူ(၃)ဦး၊အခြားဒေသ(ရန်ကုန်–ထိုင်း)တွင်လုပ်ကိုင်သူ (၂)ဦး၊ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင်လုပ်ကိုင်သူ(၂)ဦးရှိပါသည်။ငွေချေးသော အိမ်ထောင်စုနှင့် အစိုးရဝန်ထမ်းအချို့မှာလည်း ငွေရေးကြေးရေး အသင့်အတင့်အဆင်ပြေ ကြပါသည်။ကျွန်တော်တို့ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု(၅၀.၄၆%)၊ဆင်းရဲတောင်သူ (၆.၄၂%)၊တောင်သူငယ်(၁၆.၅%)၊အလယ်အလတ်တန်းစားတောင်သူ(၂၀.၁၈%)၊တောင် သူကြီး(၆.၄၂%)ရှိသောကြောင့် ကျွန်တော်တို့ကျေးရွာသည် ဆင်းရဲသားအများစုနေထိုင် သောကျေးရွာဖြစ်သည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများသော်လည်း ရာသီအလိုက်ယာလုပ်ငန်း၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်း၊တပိုင်တနိုင်မွေးမြူရေးလုပ်ငန်း များတွင် အလုပ်အကိုင်ရှာဖွေ

ရရှိနိုင်သည်။ကျေးရွာမှဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စု ၏(၃၀%) ၏ စစ်တမ်းကောက်ယူမှုအရ ဝမ်းစာဖူလုံမှုအနေအထားမှာ (၃)လအောက် ဝမ်းစာဖူလုံမှုအိမ်ထောင်စုမှာ (၁၆)စုရှိပြီးလုပ်အားခကြိုတင်ယူ၍ ဖြေရှင်းကြပါသည်။(၃)လနှင့်(၆)လအောက် ဝမ်းစာဖူလုံမှုမှာ အိမ်ထောင်စု(၁၂)စုရှိပြီး သမဝါယမအသင်းဝင်၍ ချေးငွေရယူဖြေရှင်းကြပါသည်။ တစ်အိမ်ထောင်လျှင် အကြွေး(၇)သိန်းမှ (၃)သိန်းအထိတင်ရှိကြောင်း တွေ့ရှိရပါသည်။

အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၁)စုရှိသည်။ထိုအိမ်ထောင်စုမှာ ဆင်းရဲကာ မိသားစုဦးရေများပြားသည်။မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို(၆၀)နှစ်နှင့်အထက်(၁)ဦးရှိပါသည်။ယခုနှစ်ပိုင်းတွင် ယဉ်မတော်တဆမှု ဖြစ်ပွားမှုနှင့်ရောဂါကူးစက်ဖြစ်ပွားမှုများပြားလာပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကျေးရွာသူ/သားများသည် ကျန်းမားရေးဗဟုသုတ ရှိသော်လည်းယင်နားစာများစားသုံးခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှော ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ခြင်ကိုက်ခံရခြင်းကြောင့် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ နေထိုင်စားသောက်မှုပုံစံ မမှန်ခြင်းကြောင့် ဆီးချိုနှင့်သွေးတိုးရောဂါဖြစ်ပွားမှု ရှိပါသည်။ ငှက်ဖျား၊အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ၊HIV,AIDS လိင်မှတဆင့်ကူးစက်နိုင်သော ရောဂါများ၊အသည်းရောဂါ(ဘီ၊စီ)အာဟာရ ချို့တဲ့မှုနှင့် အခြားကူးစက်နိုင်သော ရောဂါများဖြစ်ပွားမှုရှိပါသည်။

ရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို တောင်မန်းကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲတွင် ရရှိနိုင်ပြီး (၇)မိုင်ခန့်ကွာဝေးသော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့် လက်လှမ်းမှီပါသည်။

ကျေးရွာတွင်လက်နှိပ်တုံကင်မှ မြေအောက်ရေကို အလွယ်တကူရရှိသောကြောင့် ရေမှကူးစက်ဖြစ်ပွားတတ်သော ရောဂါများဖြစ်ပွားမှု မရှိသလောက်နည်းပါးပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း သိရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေးအဖတ်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အလွန်နည်းပါးပါသည်။ ကျေးရွာတွင်အခြေခံပညာရေးအတွက် မူလတန်းကျောင်းရှိပါသည်။

အလယ်တန်းကျောင်းကို တောင်မန်းကျေးရွာသို့ သွားရောက်သင်ယူရပါသည်။အထက်တန်းကျောင်းကို တောင်မန်းကျေးရွာသို့ သွားရောက်သင်ယူရပါသည်။အထက်တန်းကျောင်းကို မင်းဘူးနှင့် စကုမြို့များသို့ သွားရောက်သင်ယူရပါသည်။ကျေးရွာတွင် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများနိမ့်ကျဆဲဖြစ်ပြီး လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးဆဲဖြစ်ပါသည်။

**(စ) ကျား–မရေးရာ ကိစ္စဆိုင်ရာ**

**ကျေးရွာတွင် လုပ်အားရရှိမှုမှာ ခွန်အားစိုက်ထုတ်မှုကွာခြားခြင်းကြောင့် ရရှိမှုမှာကွာခြားပါသည်။ကျေးရွာတွင်ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။**

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေး အရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် များနေသည်။အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသမီးများနှင့် အတူတူပင်ဖြစ်သည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျှက်ရှိသည်။ကျား၊မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

**၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျွန်တော်တို့ကျေးရွာတွင် သမဝါယမနှင့် လူငယ်အဖွဲ့အစည်းရှိပါသည်။သမဝါယမအဖွဲ့၏ အဓိကလုပ်ငန်းတာဝန်မှာ ငွေစုငွေချေးလုပ်ငန်းဖြစ်ပါသည်။ဦးဆောင်ဖွဲ့စည်းသူမှာအစိုးရဖြစ်သည်။သမဝါယမအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်(၅)ဦးရှိပါသည်။လူငယ်အဖွဲ့အစည်း၏ အဓိကတာဝန်မှာ ကျေးရွာတွင်သာရေးနာရေးကိစ္စနှင့် ဖွံ့ဖြိုးရေးကိစ္စများဖြစ်ပြီး ဦးဆောင်သူ ကျား(၄)ဦး၊မ(၄)ဦးရှိပါသည်။ဦးဆောင်ဖွဲ့စည်းသူမှာ ကျေးရွာလူထုကိုယ်တိုင် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အကူအညီများလိုအပ်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါး၊ပဲအမျိုးမျိုးနှင့် နှမ်းကိုအဓိကထား စိုက်ပျိုးကြသည်။လယ်(၁၅၃) ကေနှင့် ယာ (၂၃၅.၅)ကေ တို့တွင် စပါး၊ပဲအမျိုးမျိုးနှင့် နှမ်းကိုစိုက်ပျိုးကြသည်။အိုင်းမ ရေလွှဲဆည်မှ ရေသောက်ကေ(၁၀၀)ခန့်ကို ရာသီအလိုက်အသုံးပြုနိုင်ပြီး လုံလောက်မှု ရှိပါသည်။အဝီစိတွင်းများမှ (၅၃)ကေခန့်ကို တစ်နှစ်ပတ်လုံးအသုံးပြုနိုင်ပြီး လုံလောက်မှု ရှိပါသည်။ကျေးရွာတွင် စပါး(၁)ကေ အနည်းဆုံး(၆၀)တင်းမှ အများဆုံး(၁၀၀)တင်း ထွက်ရှိ ပါသည်။နှမ်း(၁)ကေလျှင် အနည်းဆုံး(၂)တင်းမှ အများဆုံး(၈)တင်းထိထွက်ရှိပါသည်။ပဲ (၁)ကေလျှင် အနည်းဆုံး(၅)တင်းမှ (၇.၅)တင်းနှုန်း ထွက်ရှိပါသည်။သွင်းအားစုဈေးကွက်နှင့် လက်လှမ်းမှီသော်လည်း ဈေးမှန်မရရှိပါ။ကျွန်တော်တို့ကျေးရွာတွင် လုပ်သားရှားပါး သောကြောင့် အချိန်မှီထွန်ယက်စိုက်ပျိုးနိုင်ရန် အနီးဝန်းကျင်ကျေးရွာများမှ ထွန်စက်များ ငှားရမ်းပြီး ထွန်ယက်လုပ်ကိုင်ကြသည့် တောင်သူ(၃၀)ဦးခန့်ရှိပါသည်။ကျေးရွာတွင် သဘာဝ မြေဆွေးရရှိနိုင်ပြီး ဓာတုပိုးသတ်ဆေးများကို စနစ်တကျအသုံးပြုနိုင်ခြင်း မရှိသောကြောင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်ကို လိုလားနေကြသည်။

**(ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားကူလီအလုပ်များ တောင်ယာလုပ်ငန်းများ ဈေးရောင်းနှင့်ခေါင်းရွက်ဗျက်ထိုး လုပ်ငန်း တို့ဖြစ်ကြသည်။ကျေးရွာတွင်စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအနေဖြင့် ဆည်မြောင်းဌာနတွင် လုပ်ကိုင်သူ(၃၃)ဦးရှိပြီး အခြားဒေသသို့ သွားရောက်လုပ်ကိုင်သူ(၂)ဦး၊စိုက်ပျိုးရေးဆေးကုမ္ပဏီ (၂)ဦးရှိကြပြီး ရပ်တည်နိုင်မှုမှာ အသင့် အတင့်ရှိပါသည်။အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများလုပ်ကိုင်မှုမရှိကြောင်း တွေ့ရ သဖြင့်

**(ဃ) ပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာရှိစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေး နှင့် ဓာတုမြေဩဇာများ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုများပြားကြသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့် မုန်တိုင်း ဘေးအန္တရာယ်နည်းပါးသည်။အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံ

ကြုံတွေ့ရတတ်သည်။အခါအားလျော်စွာ ကျရောက်သော မိုးခေါင်ခြင်းကသဘာဝ အန္တရာယ် တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှတောင်သူများသည် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း (၈၀) ပြားတိုးဖြင့် (၆)လ၊ တစ်ဧကလျှင် (၁၅၀၀၀၀ဝ/-)ဖြင့် အများဆုံး(၁၀)ဧက သတ်မှတ်ထုတ်ချေးပေးပါသည်။ ကျေးရွာတွင် သမဝါယမဦးစီးဌာနနှင့် ပတ်မြန်မာအဖွဲ့များမှလည်း အတိုးနှုန်း (၁.၅၀)ကျပ်ဖြင့် (၆)လ တစ်ကြိမ်ထုတ်ချေးပါသည်။ တချို့အိမ်ထောင်စုများမှာ ငွေတိုးချေးစားများထံမှ အတိုးကြီးပေး၍ လည်းကောင်း၊ မိတ်ဆွေ၊ ဆွေမျိုး များထံမှ နားလည်မှုကတိဖြင့် ချေးယူကြရပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် လိုအပ်ချက်များပြားကြောင်း တွေ့ရပါသည်။ကျေးရွာတွင် လေ့လာ ဆန်းစစ်မှုအရ ဆင်းရဲနှင့်အလွန် ဆင်းရဲအိမ်ထောင်စုများသည် အကြွေးယူထားကြပြီး အကြွေးငွေ(၂၀၀၀၀၀)ကျပ်မှ (၁၀၀၀၀၀၀)ကျပ်အထိ ချေးယူထားကြောင်းတွေ့ရှိရသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းကျောင်းသာရှိပြီး ကျောင်းဆောင်အကျယ်အဝန်းမှာ အလျား ၆၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၅ ပေ အရွယ်ရှိပြီး သွပ်မိုး၊အုတ်နံရံကာ၊ကွန်ကရစ်ခင်း ကျောင်းဆောင်ဖြစ်ပါသည်။ကျောင်းတွင်ပရိဘောဂတို့ လုံလောက်ပြီး မူလတန်းပြ ဆရာ/မ (၆)ဦး ရှိပါသည်။လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်နှင့် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ပံ့ပိုးပေးခဲ့ပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း မရှိပါ။ရွာ၏(၄)ဖာလုံခန့်အကွာ တောင်မန်းကျေးရွာတွင်ရှိသော်လည်း ကျန်းမာရေးဝန်ထမ်းလုံလောက်မှုမရှိပါ။

သောက်ရေအတွက် လက်နှိပ်ရေတုံကင်မှ သုံးစွဲကြပြီးလုံလောက်မှုရှိပါသည်။ချမ်းသာ သော အိမ်ထောင်စုများက အိမ်သာကျင်းကိုအုတ်ဖြင့်ဆောက်လုပ်ကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြပါသည်။တစ်ရွာလုံးနီးပါး ယင်လုံ အိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု

နည်းပါးသည်။ စာသင်ကျောင်းအိမ်သာမှာလည်း စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသား/သူသားများအတွက် အသုံးပြုရန်လွယ်ကူသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

ကျွန်တော်တို့ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် နေရာ သီးသန့်မရှိသေးပါ။ လူငယ်များသည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာယဉ်ကျေးမှုအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကြသည်။ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကြပါသည်။စာကြည့်တိုက်မရှိသော်လည်း အင်တာနက် အသုံးပြုခြင်းဖြင့် နည်းပညာ၊သတင်းအချက်အလက်၊ ဗဟုသုတရရှိပါသည်။

**(ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာရှိရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်သည်။ရွာချင်း ဆက်လမ်းမှာ ပွင့်လင်းရာသီ၌သာ သွားလာရလွယ်ကူပါသည်။ရေလမ်းခရီးအသုံးပြုမှု မရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၆၄)စီး၊စက်ဘီး(၁၁)စီးနှင့် နွားလှည်း (၅၀)စီးတို့ကို အသုံးပြုလျှက်ရှိပါသည်။

ကျေးရွာအနားတဝိုက်တွင် မဟာဓာတ်အားလိုင်းရှိသော်လည်း ငွေကြေးလိုအပ်သည့် အတွက် ကျေးရွာအတွင်းရန်ပုံငွေများ လိုက်လံစုဆောင်းထားပါသည်။ကျေးရွာတွင် မိုဘိုင်း ဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားဝန်ဆောင်မှုများအတွက် လက်လှမ်းမှီအသုံးပြုနိုင် ကြပါသည်။ကျေးရွာတွင် အင်တာနက်အသုံးပြုမှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြား သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်ပါသည်။ကျေးရွာတွင် စာကြည့်တိုက်မရှိသော်လည်း ရွာသားများသည်သတင်းစာ၊ဂျာနယ်တို့ကို ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် ဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန် ကြောင်းတွေ့ရှိပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ စကုမြို့နှင့် နီး၍ ဆက်သွယ်ရေးဆိုင် အဆောက်အဦးများနှင့် လက်လှမ်းမီပါသည်။ အာမခံလုပ်ငန်းများ လက်လှမ်းမီသော်လည်း

အသိပညာနည်းပါးခြင်းကြောင့် အားနည်းပါသည်။ လူကုန်ကူးမှုမှာလည်း မရှိသလောက် နည်းပါးသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ**

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသောကြောင့် ထင်းကိုသာအသုံးပြုရပါသည်။ ကျောင်းသား/သူများအတွက် စာဖတ်ရန်အခက်အခဲဖြစ်စေပါသည်။

လူငယ်ပညာတတ်ည်။ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါး ကုသလိုမှုအတွက်လည်း မင်းဘူးမြို့နယ်ဆေးရုံသို့ သွားရောက်ပြီးဆေးကုသမှုများ ခံယူနိုင် ကြပါသည်။ကျေးရွာတွင်စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေ အထားအတွက် ကောင်းသောအဆင့်တွင် ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည်မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့် ကောင်းမွန်ပါသည်။တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ် တကူ သယ်ယူပို့ဆောင်နိုင်ပါသည်။မိုးရွာသွန်းမှုမှာစပါးနှင့် ဆောင်းသီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။အိုင်းမဆည်မှ ဆည်ရေရရှိ၍ နွေစပါး(၁၅၃ ဧက)အတွက် ရေသွင်း စိုက်ပျိုးနိုင်သည်။ကျေးရွာမှ မင်းဘူး၊စကု၊မကွေးမြို့များသို့ ကတ္တရာလမ်းဖြင့် ကူးသန်း သွားလာနိုင်သည်။လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မှီတင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင်မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် ကြက်နှင့်နွား ကိုတိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။သို့သော် မွေး/ကုဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန်လိုအပ်သည်။

ကျေးရွာတွင်ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေး ကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင် ကြသည်။ကျေးရွာတွင်အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်မွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်ကြသည်။

## (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာရှိလယ်မြေ၊ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသဘာဝသယံဇာတများ မထွက်ရှိပါ။လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအတွက် အထွက်နှုန်းတိုးမြှင့်အောင် အားစိုက်ရပေမည်။သုံးဆယ်ရေလှောင်တမံမှ ရေသွယ်စိုက်ပျိုးနိုင်သော်လည်း နောက်ပိုင်းတွင်ရေသွယ်မြောင်း တိုးချဲ့ဆောက်လုပ်ပြီး ရေသွင်းစိုက်ပျိုးနိုင်မည့် စိုက်ဧကတိုးတက်လာစေရန် ဆောင်ရွက်သင့်ပါသည်။

ထို့အပြင် ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျက်ပိုးများလည်း မတ်ပဲစိုက်ခင်းများတွင် ကျရောက်တတ်သည်။မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာအကောင်အထည်ဖော်ပေးသောအစီအစဉ် မရှိသေးပါ။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်ရေး အထောက်အပံ့များရရှိရန် လိုအပ်သည်။ကျေးရွာတွင် ငွေတိုးချေးသူများ ရှိသော်လည်း အတိုးနှုန်းမှာမြင့်မားသည်။ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသောစနစ်လည်းမရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များ ဖြည့်စွက်ရာတွင် အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊အသိပညာ၊အထိအတွေ့တို့ အားနည်းပါသည်။

## ၆။ပန်းတိုင်နှင့်မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁)ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာချင်းဆက်လမ်း ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဝန်ဆောင်မှု ရရှိအောင်ဆောင်ရွက်ခြင်း၊လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခြင်း

တို့ဖြင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်လာစေပြီး လူနေမှုဘဝ မြင့်မားလာမည် ဖြစ်ပါသည်။

(က.၂) ကျွန်တော်တို့ကျေးရွာလူထုသည် စိုက်ပျိုးရေးနည်းပညာများရရှိခြင်းဖြင့် ဝင်ငွေများ တိုးပွားလာမည် ဖြစ်ပါသည်။

(က.၃)ကျွန်တော်တို့ကျေးရွာလူထုသည် စာကြည့်တိုက်နှင့် ကျောင်းခြံစည်းရိုးပြုလုပ်ခြင်းဖြင့် လုံခြုံဘေးကင်းစွာပညာသင်ကြားနိုင်ပြီး ဗဟုသုတ ကြွယ်ဝခြင်းဖြင့် ကျေးရွာသူ/သားများ အသိဉာဏ်ဖွံ့ဖြိုးလာမည် ဖြစ်ပါသည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ သက်ဆိုင်ရာကဏ္ဍအလိုက် ကော်မတီများကို ဦးဆောင် ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။လိုအပ်သောရန်ပုံငွေများအတွက် ကျေးရွာလူထုနှင့် ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့တို့ ပူးပေါင်းကာတတ်စွမ်းနိုင်သလောက် ကောက်ခံသွားမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအဖွဲ့အစည်းများ၊NGO များနှင့် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ချိတ်ဆက်အကူအညီ တောင်းခံသွားမည်ဖြစ်ပါသည်။

**၇။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေး အဖွဲ့ တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော် အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့

ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန် စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ် ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) လျှပ်စစ်မီးလင်းရေး**

**ကျွန်တော်တို့ကျေးရွာဘေးတွင် မဟာဓာတ်အားလိုင်းကို တောင်မန်းကျေးရွာမှ ဆက်သွယ်အသုံးပြုနေပါသည်။မဟာဓာတ်အားလိုင်းနှင့်နီးသော်လည်း ငွေကြေးမတတ်နိုင် သောကြောင့် သုံးစွဲနိုင်ခြင်းမရှိသေးပါ။မီးလင်းရေးအတွက် ကျေးရွာမှရန်ပုံငွေသိန်း(၅၀)ခန့် စုဆောင်းရရှိထားသော်လည်း ငွေကြေးလုံလောက်မှုမရှိပါ။လျှပ်စစ်မီးလင်းရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်း၊ အခြားပြင်ပအဖွဲ့အစည်းများမှ ကူညီဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။**

**(ဂ) လမ်းပန်းဆက်သွယ်ရေး**

ကျွန်တော်တို့ကျေးရွာနှင့် တောင်မန်းကျေးရွာရွာချင်းဆက်လမ်းမှာ ပွင့်လင်းရာသီ၌သာအသုံးပြု၍ လွယ်ကူပါသည်။မိုးတွင်းရာသီတွင်သွားလာရခက်ခဲသောကြောင့် လယ်ယာ ထွက်ကုန်များ သွားရောက်ရောင်းချရန် အခက်အခဲရှိပါသည်။ကျေးရွာ၏အရှေ့ဘက်မှ မင်္ဂလာလမ်း ဖောက်လုပ်ချင်သော်လည်း ငွေကြေးလုံလောက်မှုမရှိပါ။ လမ်းပန်း ဆက်သွယ် ရေး ကောင်းမွန်မှသာကုန်စည်နှင့်ကူးသန်းရောင်းဝယ်မှုမှာ ချောမွေ့လွယ်ကူမည်ဖြစ်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ ကူညီဆောင်ရွက်ပေးပါရန် တင်ပြအပ် ပါသည်။

**(ဃ) စိုက်ပျိုးရေးနည်းပညာရရှိရေး**

ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်သော ကျေးရွာဖြစ် သောကြောင့် စိုက်ပျိုးရေးနည်းပညာများ လိုအပ်ပါသည်။ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲ နိုင်ရေး၊နည်းပညာသင်တန်းများ၊စိုက်ပျိုးရေးနှင့် သဘာဝပိုးသတ်ဆေးနည်းပညာသင်တန်း များကို သက်ဆိုင်ရာဌာနမှ ပို့ချပေးစေလိုပါသည်။ပိုးသတ်ဆေးများကို နေရာတိုင်းတွင် ဈေးနှုန်းမှန်ကန်စွာ ရရှိရေး၊စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်း၍ ကြပ်မတ်ဆောင်ရွက် ပေးပါရန် တင်ပြအပ်ပါသည်။

**(င)ကျေးရွာလူထုဖွံ့ဖြိုးတိုးတက်ရေး**

ကျေးရွာလူထုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းခြံစည်းရိုးနှင့် စာကြည့်တိုက်များ ဆောက်လုပ်ပေးစေလိုပါသည်။ကျောင်းခြံစည်းရိုးများဆောက်လုပ်ပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံစွာ သင်ယူနိုင်မည်ဖြစ်ပါသည်။စာကြည့်တိုက်များ ဆောက်လုပ်ပေးခြင်းဖြင့် ကျေးရွာလူထု၏ အသိပညာ၊ဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ထို့ကြောင့် သက်ဆိုင်ရာဌာနပြင်ပ အဖွဲ့အစည်းများမှ ကူညီဆောင်ရွက်ပေးပါရန် တောင်းခံအပ်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိက သော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလအတွက် စီမံချက်များရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလအတွက် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွား ကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထားသည့်ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝ ဘေးအန္တရာယ်များ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ထို့ကြောင့်ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း

(Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင်စီးပွါးရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်–
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ရိုးကြီးကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ကဏ္ဍ အကြောင်းအရာ | စီမံချက် | ရမှတ် | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | လျှပ်စစ်မီးကဏ္ဍ | လျှပ်စစ်မီးရရှိရေးချိတ်ဆက် ဆောင်ရွက်ခြင်း | ၁၀၀ | ၁ | (၁)ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်<br>(၂)မြို့နယ်လျှပ်စစ်ဌာနသို့တင်ပြခြင်း<br>(၃)ကျေးရွာလူထုထံမှ ရန်ပုံငွေကောက်ခံခြင်း | |
| ၂ | လမ်းပန်းဆက်သွယ်ရေးကဏ္ဍ | ရွာချင်းဆက်လမ်း ကောင်းအောင်ဆောင်ရွက်ခြင်းနှင့် မင်္ဂလာလမ်းဖောက်လုပ်ရရှိရေး | ၉၀ | ၂ | (၁)ရွာချင်းဆက်လမ်း မြေနီခင်းခြင်း<br>(၂)လမ်းကော်မတီမှ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>(၃)ရေဆိုးထုတ်မြောင်းအား ဆယ်ခြင်း | |
| ၃ | စိုက်ပျိုးရေးကဏ္ဍ | စိုက်ပျိုးရေးနည်းပညာရရှိရေး | ၇၅ | ၃ | (၁)စိုက်ပျိုးရေးနည်းစနစ်များမမှန်ကန်၍ စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ သင်တန်းများဖွင့်လှစ်စေလိုခြင်း | |
| ၄ | ပညာရေးကဏ္ဍ | ကျောင်းခြံစည်းရိုးကာရံခြင်းနှင့် စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၆၉ | ၄ | (၁)ကျောင်းခြံစည်းရိုးကာရံခြင်းဖြင့် ကျောင်းနေကလေးများ ဘေးကင်းလုံခြုံ | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | စွာပညာသင်ကြားနိုင်ရေး<br>(၂)စာဖတ်သူများပြားလာအောင် စာပေဟောပြောပွဲများ ကျင်းပခြင်း<br>(၃)စာကြည့်တိုက်ဆောက်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>(၄)စာကြည့်တိုက်ဖွင့်လှစ်နိုင်ရန် စာအုပ်စာတမ်းအလှူရှင်များအား သက်ဆိုင်ရာဌာနများမှ အကူအညီရယူခြင်း | |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများ ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | လျှပ်စစ်မီးရရှိရေး | ၁ | ✔ | ✔ | ✔ | | |
| ၂ | လမ်းပန်းဆက်သွယ်ရေး | ၂ | ✔ | ✔ | | | |
| ၃ | စိုက်ပျိုးရေး | ၃ | ✔ | ✔ | ✔ | ✔ | ✔ |
| ၄ | စာကြည့်တိုက်တည်ဆောက်ခြင်းနှင့်ကျောင်း ခြံစည်းရိုးကာရံနိုင်ရေး | ၄ | | ✔ | ✔ | ✔ | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါ အဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။(ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

## စီမံချက်ဘတ်ဂျက်

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်သိန်း) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | လျှပ်စစ်မီးရရှိရေးချိတ်ဆက်ဆောင် ရွက်ခြင်း | ၆၀၀ | ၅ | ၅၅၀ | ၁၅ | ၃၀ |
| ၂ | လမ်းပန်းဆက်သွယ်ရေးအဆင်ပြေ ချောမွေ့စေရန် | ၂၀၀ | ၃ | ၁၈၈ | ၄ | ၅ |
| ၃ | စိုက်ပျိုးရေးနည်းပညာရရှိရေး | ၁၀၀ | ၂ | ၈၃ | ၅ | ၁၀ |
| ၄ | စာကြည့်တိုက်တည်ဆောက်ခြင်းနှင့် ကျောင်းခြံစည်းရိုး ကာရံနိုင်ရေး | ၅၀ | ၂ | ၄၂ | ၃ | ၃ |

### ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါ သည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ

ဆောင်ရွက်နိုင် ရန် ဦးဆောင်ပါမည်။ ဥပမာ–မိဘဆရာ အသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည် အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ**

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင်သော အကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ–မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေး ဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာ ကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်း တစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်း ဆောင်ရွက်ပါမည်။

## (ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင်စေတနာအလျောက် ထည့်ဝင်လိုသူများ ထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ဥပမာအားဖြင့် လမ်းများ ပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက် ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင် အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့် အလျောက်ကျွန်ုပ်တို့သည်ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

## (က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း ဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့်

သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက် များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ကြီးကြပ် စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံ တင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

**(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရ သောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ် ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့်

ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

### (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ဖိတ်ကြားမည့် အဖွဲ့အစည်း များမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်း ရရှိပါမည်။ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက် နိုင်မည် ဖြစ်ပါသည်။

### (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများ ကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

နောက်ဆက်တွဲ (၁)

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ

### (၁) လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၂ | ၁ | ၃ | ၀.၇၁% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅ နှစ်အောက်ကလေးငယ် | ၂၀ | ၁၃ | ၃၃ | ၇.၈၀% |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသား အရွယ် | ၁၁ | ၂၀ | ၃၁ | ၇.၃၃% |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၁၄ | ၂၃ | ၃၇ | ၈.၇၅% |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့် အရွယ် | ၁၃၇ | ၁၅၁ | ၂၈၈ | ၆၈.၀၄% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၁ | ၂၀ | ၃၁ | ၇.၃၃% |
| **စုစုပေါင်း လူဦးရေ** | ၄၂၃ | **၁၉၅** | **၂၂၈** | **၄၂၃** | ၁၀၀% |
| **စုစုပေါင်း အိမ်ထောင်စု** | ၁၀၉ | **တစ်အိမ်ထောင်ရှိပျမ်းမျှဦးရေ – ၃.၈၈ ဦး** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာသည် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၊ တောင်မန်းကျေးရွာအုပ်စု၊ ရိုးကြီးကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင်

(၁)နှစ်အောက် ကလေး(၃)ဦး၊ (၅)နှစ်အောက်ကလေးငယ်(၃၃)ဦး၊မူလတန်းကျောင်းသားအရွယ်(၃၁)ဦး၊ အလယ်တန်းကျောင်းသားအရွယ်(၃၇)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် (၂၈၈)ဦး၊ သက်ကြီးရွယ်ကြီး(၃၁)ဦး၊ စုစုပေါင်းလူဦးရေ(၄၂၃)ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်အရွယ်များသောကြောင့် ဖွံ့ဖြိုးရန်အလားအလာရှိပါသည်။

**(၁.၂) အလုပ်လုပ်နိုင်သူ အင်အား**

**(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၉ | ၄၄.၉၅ | ၁၁၂ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅၉ | ၅၄.၁၃ | ၁၃၅ | ၂ | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၉၂ | ၂ | | ဈေးဆိုင် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် | | | | ၃ | ဆည်မြောင်း-၃ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား | | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊<br>ရာသီအလိုက်<br>အလုပ်သမား | | | | | |
| | | | | | | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊<br>ရာသီအလိုက်<br>အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊<br>ရာသီအလိုက်<br>အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊<br>ရာသီအလိုက်<br>အလုပ်သမား | | | | ၂ | ရန်ကုန်-၁<br>ထိုင်း - ၁ |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊<br>ရာသီအလိုက်<br>အလုပ်သမား | | | | ၂ | စိုက်ပျိုးရေးဆေး<br>ကုမ္ပဏီ-၂ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | | | | | | |
| | **စုစုပေါင်း** | ၁၀၉ | ၁၀၀% | ၂၄၉ | ၉ | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရိုးကြီးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ကိုင်သူ အိမ်ထောင်စု(၄၉)စု၊ မိသားစုဝင်လုပ်အား (၁၁၂)ဦးရှိပါသည်။ရာသီအလိုက်ကျပန်း အလုပ်သမား အိမ်ထောင်စု (၅၉)စု၊မိသားစုဝင်လုပ်အား (၁၃၅) ဦးရှိပါသည်။ဆည်မြောင်းဦးစီးဌာနတွင် လုပ်ကိုင်သူ(၃)ဦးရှိပါသည်။အခြားဒေသများ(ရန်ကုန်၊ထိုင်း)တွင် အလုပ်လုပ်ကိုင်သူ (၂) ဦး ရှိပါသည်။တစ်ရွာလုံးတွင် ဈေးဆိုင်(၁)ဆိုင်သာ ရှိပါသည်။စိုက်ပျိုးရေးကိုအဓိကထား လုပ်ကိုင်ပြီး အခြားလုပ်ကိုင်သူမရှိပါ။အခြားတပိုင်တနိုင်လုပ်ငန်းများ လုပ်ကိုင်ရန်သင်တန်းများ ပို့ချပေးရန် လိုအပ်ပါသည်။

## (၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၂၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | – | – | – | – | |
| ၃ | ငါးလုပ်ငန်း – ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | – | – | – | – | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | – | – | – | – | – |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | – | – | – | – | – |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | – | – | – | – | – |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | – | – | – | – | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | – | – | – | – | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | – | – | – | – | |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | – | – | – | – | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရိုးကြီးကျေးရွာတွင် အများဆုံးဝင်ငွေကျပ်မှာ ကျား (၅၀၀၀)၊မ (၄၀၀၀)ရရှိပါသည်။အနည်းဆုံးဝင်ငွေကျပ်မှာ ကျား(၃၅၀၀)၊မ(၂၅၀၀) ရရှိပါသည်။ ရရှိငွေများမတူညီရခြင်းမှာ အမျိုးသားမှာခွန်အားစိုက်ထုတ် လုပ်ကိုင်နိုင်ပြီး၊ အမျိုးသမီးများမှာ ခွန်အားစိုက်ထုတ်မှု နည်းပါးခြင်းကြောင့် ဖြစ်ပါသည်။ကျေးရွာတွင်လယ်ယာ လုပ်ငန်းအပြင် အခြားလုပ်ငန်းများမရှိပါ။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ ညံ့** | **ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)** | **ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)** |
|---|---|---|---|---|
| လယ်မြေ | ၁၅၃ | သင့် | ရ | အိုင်းမဆည် |
| ယာမြေ /တောင်ယာ | ၂၃၅.၅ | သင့် | မရ | မိုးရေ၊အဝီစိတွင်းရေ |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | ၀.၅ | | | |
| ရွှေ့ပြောင်းတောင်ယ ာမြေ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | **၄၃၉** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**မှတ်ချက်။** ။ရေရှိသည့် နေရာအမျိုးအစား – ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် လယ်မြေဧက(၁၅၃)ဧကရှိပြီး ရေရရှိမှုမှာ အိုင်းမဆည်မှ ရရှိပါသည်။မြေအမျိုးအစားမှာ အသင့်အတင့်ရှိပါသည်။ယာမြေဧကမှာ (၂၃၅.၅) ဧကသာရှိပြီး မြေအမျိုးအစားမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ယာမြေတွင် ဆည်ရေမရရှိ၍ မိုးရေနှင့် အဝီစိတွင်းရေများကိုသာ အသုံးပြုရပါသည်။ဥယျာဉ်ခြံမြေ၊ အိမ်ခြံဝန်းစိုက်ခင်း၊

ရွှေ့ပြောင်းတောင်ယာများ၊ကိုင်း၊ကျွန်းမြေနှင့် စားကျက်မြေ၊ပလပ်မြေများ မရှိပါ။နှစ်ရှည်သီးနှံ စိုက်ခင်းအနေဖြင့် သနပ်ခါးပင်စိုက်ပျိုးထားသော ခြံရှိပါသည်။

## (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | နည်း | ခက် |
| **အခြားသဘာဝ ရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | လွယ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် ကာဗွန်၊ဓါတ်ငွေ့ရေနံရရှိနိုင်မှု မရှိသောကြောင့် လက်လှမ်းမမှီနိုင်ပါ။သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ ရရှိနိုင်မှုနည်းပါးလာသောကြောင့် လက်လှမ်းမှီနိုင်မှုခက်ခဲပါသည်။သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) ရရှိနိုင်မှုမှာ အသင့်အတင့်ရှိသောကြောင့် လက်လှမ်းမှီနိုင်မှု လွယ်ကူပါသည်။

## (၁.၄) ဥတုရာသီအနေအဆင့် အခြေအနေ

ဇယား (၆) ဥတုရာသီအနေအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၂၅ဧက | ၁၀ဧက | ၆ဧက | မြေမဲ့ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| အိမ်အခြေအနေ | ၄ပင်အိမ်၊ ပျဉ်ထောင်၊ ပျဉ်ခင်း | ၄ပင်အိမ်၊ ထရံကာ၊ သွပ်မိုး | ၄ပင်အိမ်၊ ကြမ်းခင်း | မြေစိုက်၊ တဲအိမ် |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ထွန်စက်၊ခြွေလှေ့စက်၊လက်တွန်းထွန်စက်၊ ရေစုပ်စက် | လက်တွန်းထွန်စက်၊ ရေစုပ်စက် | ရေစုပ်စက်၊နွား | ပေါက်တူး၊ ပေါက်ပြား |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | TV၊ဆိုင်ကယ်၊ ဖုန်း | ဆိုင်ကယ်၊ ဖုန်း | ဆိုင်ကယ်၊ ဖုန်း | - |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | တောင်သူ | ကူလီ |
| အခြားပိုင်ဆိုင်မှု | နွားစာစဉ်းစက် | | | |
| အိမ်ထောင်စု - | ၃(၂.၇၅%) | ၁၁ (၁၀.၀၉%) | ၄၁(၃၇.၆၁%) | ၅၄(၄၉.၅၄%) |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု (၃)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၁၁)စု၊ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုမှာ(၉၅)စု ရှိပါသည်။အဆင်ပြေသောအိမ်ထောင်စုများမှာ (၂၅)ကေခန့် ပိုင်ဆိုင်ကြပြီး စက်ပစ္စည်းပိုင်ဆိုင်မှု အနေဖြင့် နွားစာစဉ်းစက်၊ထွန်စက်၊ လက်တွန်းထွန်စက်၊ခြွေလှေ့စက်နှင့် ရေစုပ်စက်များနှင့် ဆိုင်ကယ်၊ဖုန်း၊ **TV.Set Top Box** များပိုင်ဆိုင်ကြပါသည်။အလယ်အလတ် အဆင့်ရှိသော အိမ်ထောင်စုများမှာ လက်တွန်းထွန်စက်၊ရေစုပ်စက်များပိုင်ဆိုင်ကြပြီး လယ်ကေ (၁၀)ကေခန့် ပိုင်ဆိုင်ကြပါသည်။အလွန်ဆင်းရဲသော အိမ်ထောင်စု(၅၄)စုမှာ မြေမဲ့၊ယာမဲ့များ ဖြစ်ကြသည့် အတွက် ထွန်ထယ်ကိရယာများသာ ပိုင်ဆိုင်ကြပါသည်။ကျေးရွာရှိအဆင့်တိုင်းတွင် ဆိုင်ကယ်နှင့် ဖုန်းရှိကြပါသည်။အိမ်တိုင်းနီးပါးခန့်သည် (၄)ပင်အိမ်ဖြင့်သာနေကြ၍ တိုက်ခံအိမ်မှာမရှိ သလောက်ပင် နည်းပါးကြပါသည်။

## (၁.၅)    ထိခိုက်လွယ်မှု

### (၁.၅.၁)        ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၁၆ | ၅၇.၁၄% | လုပ်အားခကြိုတင်ယူခြင်း |
| ၃ လနှင့် ၆ လအောက် | ၁၂ | ၄၂.၈၆% | သမဝါယမအသင်း |
| ၆ လ မှ ၁၂ လ အထိ | | | |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် ဆင်းရဲနှင့်အလွန်ဆင်းရဲ၏ (၃၀%) စစ်တမ်း ကောက်ယူမှုအရ ဝမ်းစာဖူလုံမှုအနေအထားမှာ (၃)လအောက်ဝမ်းစာဖူလုံမှုအိမ်ထောင်စု (၁၆)စုရှိပြီး လုပ်အားခကြိုတင်ယူ၍ ဖြေရှင်းကြပါသည်။(၃)လနှင့်(၆)လအောက်ဝမ်းစာဖူလုံမှုမှာ အိမ်ထောင်စု(၁၂)စုရှိပြီး သမဝါယမအသင်းဝင်၍ ချေးငွေရယူ၍ ဖြေရှင်းကြပါသည်။

### (၁.၅.၂)  ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | – | ၁ | ၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | – | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | – | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို(၆၀)နှစ်အထက် မ(၁)ဦးရှိပါသည်။မိသားစု/ရပ်ရွာ၏ စောင်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ် မရှိပါ။ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၁)စုရှိပါသည်။ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို၊တစ်ခုလပ်အိမ်ထောင်စုနှင့် အခြားဒေသသို့ ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် အိမ်ထောင်စုများမရှိပါ။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် | စပါးများမသိုလှောင်နိုင်သောကြောင့် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် | လယ်မြေအတွက်အဆင်ပြေသော်လည်း၊ယာမြေအတွက်မိုးရေကိုသာအားထား |
| ၃ | ရေကြီးခြင်း | – | – |
| ၄ | မိုးခေါင်ခြင်း | လတ် | သီးနှံအထွက်နှုန်းလျော့ခြင်း |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | အပူပိုင်းဒေသဖြစ်သောကြောင့် |
| ၆ | မုန်တိုင်း | နိမ့် | ပင်လယ်ကမ်းရိုးတန်းနှင့်ဝေးခြင်း |
| ၇ | လျှော | – | |
| ၈ | မီးဘေး | – | |
| ၉ | ဆားငန်ရေဝင်မြေ | – | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | – | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | – | |
| ၁၂ | ငှက်ဖျားရောဂါ | – | |
| ၁၃ | တီဘီရောဂါ | – | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | – | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | – | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် | ရာသီအကူးအပြောင်းတွင် ဖြစ်ပွားလေ့ရှိခြင်း |
| ၁၇ | လူကုန်ကူးခြင်း | – | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | – | |
| ၁၉ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရိုးကြီးကျေးရွာတွင် စားနပ်ရိက္ခာဖူလုံမှု အသင့်အတင့်သာရှိပါသည်။သဘာဝရင်းမြစ်ရှားပါးမှု အသင့်အတင့်ရှိပါသည်။ရေကြီးခြင်းမရှိပါ။ သစ်တောပြုန်းတီးခြင်းမြင့်၍ ဒုက္ခရောက်နိုင်မှု အများဆုံးဖြစ်ပါသည်။ကိုယ်ခံအားကျဆင်းမှုရောဂါမရှိပါ။ဝေးလံခေါင်ပါး၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲ၍ ဒုက္ခရောက်နိုင်မှုအများဆုံး ဖြစ်ပါသည်။တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှုမှာ ရာသီအကူးအပြောင်းတွင် ဖြစ်ပွားလေ့ရှိခြင်း ကြောင့် ထိခိုက်လွယ်မှုအနည်းငယ်သာရှိပါသည်။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်မှုများပြား |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | အလုပ်အကိုင်အခွင့်အလမ်းရှားပါး |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | ပုံမှန်ဝင်ငွေမရှိခြင်း |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | လတ် | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | - | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေမျ ားသော နေရာ (Prone to accident) တွင် နေထိုင်သူများ | - | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ ပြောင်းခံရသူများ (IDP) | - | |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | - | |
| ၉ | ငါးကန်ပိုင်ရှင် | - | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | စိုက်ပျိုးရာသီတွင်အလုပ်အကိုင် ရှိသောကြောင့် |
| ၁၁ | လူနည်းစုလူမျိုးများ | - | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | - | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | - | |
| ၁၄ | ရွှေတွင်းလုပ်သား | - | |
| ၁၅ | ဆေးစွဲသူများ | - | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိေ ော သူများ | - | |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | - | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | - | |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | – | |
| ၂၀ | ကားသမား | – | |
| ၂၁ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် လူငယ်များမှာထိခိုက်သက်ရောက်ခံနိုင်မှု အနေဖြင့် လူငယ်တိုင်းလုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်ခြင်းကြောင့် အနည်းငယ်သာရှိပါသည်။အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်းကြောင့် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုမှာ ထိခိုက်လွယ်မှုအသင့်အတင့် ရှိပါသည်။မြေမဲ့ယာမဲ့ ဆင်းရဲသားတောင်သူများမှာ ပုံမှန်ဝင်ငွေမရှိခြင်းကြောင့် ထိခိုက်မှုအသင့်အတင့် ရှိပါသည်။စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်ရှိသောကြောင့် လက်လုပ်လက်စား ကျပန်းများ၏ထိခိုက်လွယ်မှုမှာ အသင့်အတင့် ရှိပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | လူငယ်အဖွဲ့ | ၂ | ၄ | ၄ | ၈ | သာရေးနာရေး | ၄ | ၆ |
| | | | | | | | | |
| | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။
(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်
(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။
(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့်တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။
(၈) ညံ့ (အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် (၁)ဖွဲ့ရှိပါသည်။လုပ်ငန်းတာဝန်မှာ သာရေးနာရေးကိစ္စဖြစ်ပြီး ဦးဆောင်ဖွဲ့စည်းသူမှာ ကျေးရွာလူထုကိုယ်တိုင်ဖြစ်ပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | သမဝါယမ | အစိုးရ | ငွေစုငွေချေး |
| | | | |
| | | | |
| | | | |
| | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းမှာ သမဝါယမအဖွဲ့ဖြစ်သည်။သမဝါယမအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်မှာ ငွေစုငွေချေးလုပ်ငန်းဖြစ်သည်။

## (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

#### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၅၅ | ၅၀.၄၆ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၇ | ၆.၄၂ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၁၈ | ၁၆.၅၁ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧကကြား | ၂၂ | ၂၀.၁၈ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၇ | ၆.၄၂ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း** | | **၁၀၉** | **၉၉.၉၉%** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု ၅၅ စု ရှိပြီး ဆင်းရဲသားတောင်သူအိမ်ထောင်စုမှာ တစ်ရွာလုံး၏ ၅၀.၄၆% ရှိပါသည်။တောင်သူငယ် အိမ်ထောင်စုမှာ ၁၆.၅၁%ရှိပြီး တောင်သူကြီးမှာတစ်ရွာလုံး၏ ၆.၄၂%သာရှိပါသည်။

### (၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | အစိုးရ | ၁၀၀ | ရာသီအလိုက် | ရှိ |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | ပုဂ္ဂလိက | ၅၃ | တစ်နှစ်ပတ်လုံး | ရှိ |
| ၅ | လက်ငင်ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ကျွန်တော်တို့ရိုးကြီးကျေးရွာတွင် စိုက်ပျိုးရေအား အိုင်းမရေလွှဲဆည်မှ ရရှိပြီး ရေသောက်ဧကေ (၁၀၀)ကေရှိ၍ရာသီအလိုက် အသုံးပြုနိုင်ပါသည်။လုံလောက်မှုရှိပါသည်။ရေသောက်ဧကေ(၅၃)ကေခန့်ရှိ၍ တစ်နှစ်ပတ်လုံးအသုံးပြုနိုင်ပါသည်။မြစ်ရေတင်စီမံကိန်း၊ လက်ငင်ရေတွင်းနှင့် စိမ့်စမ်းရေ၊ချောင်းရေတို့ကို အသုံးပြုသူများမရှိပါ။

### (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက် | သီးနှံထွက်မှု | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအ ားစု လိုအပ် ချက် | အမြတ် ရရှိနိုင်မှု (နိမ့်/ လတ်/ | မှတ် ချက် |
|---|---|---|---|---|---|---|

| | ကေ | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | (နိမ့်/လတ်/မြင့်) | မြင့်) | |
|---|---|---|---|---|---|---|---|---|---|---|
| စပါး | ၁၅၃ | တင်း | ၆၀ | ၁၀၀ | ၈၀ | ဇွန် | ဒီဇင်ဘာ | မြင့် | လတ် | |
| နှမ်း | ၂၃၅.၅ | တင်း | ၂ | ၈ | ၅ | မေ | ဩဂုတ် | နိမ့် | နိမ့် | |
| ပဲ | ၂၃၅.၅ | တင်း | ၅ | ၁၀ | ၇.၅ | ဒီဇင်ဘာ | မတ် | လတ် | လတ် | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် စပါး(၁)ကေ အနည်းဆုံး(၆၀)တင်းနှင့် အများဆုံး(၁၀၀)တင်း၊ပျှမ်းမျှ (၈၀)တင်းနှုန်းထွက်ရှိပါသည်။စိုက်ပျိုးသည့်ကာလမှာ ဇွန်လမှ ဒီဇင်ဘာလအထိဖြစ်သည်။သွင်းအားစုလိုအပ်ချက်မှာမြင့်၍ အမြတ်ရရှိနိုင်မှုမှာအသင့်အတင့်သာ ရှိပါသည်။နှမ်း(၁)ကေလျှင် အနည်းဆုံး(၂)တင်းနှင့် အများဆုံး(၈)တင်း၊ပျမ်းမျှ(၅)တင်းနှုန်း ထွက်ရှိသည်။စိုက်ပျိုးသည့်ကာလမှာမေလမှ ဩဂုတ်လအထိဖြစ်သည်။သွင်းအားစုလိုအပ်ချက် မှာ နိမ့်၍ အမြတ်ရရှိနိုင်မှုမှာလည်းနိမ့်ပါသည်။ပဲ(၁)ကေလျှင် အနည်းဆုံး(၅)တင်းမှ အများဆုံး (၁၀)တင်းထိထွက်ရှိသည်။စိုက်ပျိုးသည့်ကာလမှာ ဒီဇင်ဘာလမှ မတ်လပိုင်းအထိဖြစ်သည်။ သွင်းအားစုလိုအပ်ချက်နှင့်အမြတ်ရရှိနိုင်မှုမှာ အသင့်အတင့်သာရှိပါသည်။

### (၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/အခြေအနေ |
|---|---|---|---|---|---|---|---|
| | | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | တစ်ဦးချင်းပိုင် | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | ၁ | | | | | ၃၀ | |

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်း လုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက် / အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| လက်တွန်းထွန်စက် | ၁၈ | | | | | | |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | | | | |
| ရိတ်သိမ်းစက် | | | | | | | |
| ခြွေလှေ့စက် | ၁ | | | | | | |
| ရေစုပ်စက် | ၃၄ | | | | | | |
| ခြေနင်းရေတင်စက် | | | | | | | |
| မြက်ရိတ်စက် | ၃ | | | | | | |
| အခြား (နွားစာစဉ်းစက်) | ၂ | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် လယ်ယာသုံးပစ္စည်း ကိရိယာများမှာ ထွန်စက်(၁)စီး၊လက်တွန်းထွန်စက်(၁၈)စီး၊ ခြွေလှေ့စက်(၁)လုံး၊ ရေစုပ်စက်(၃၄)လုံး၊ မြက်ရိတ်စက် (၃)လုံးနှင့် နွားစာစဉ်းစက်(၂)လုံးရှိပါသည်။ကျွန်တော်တို့ကျေးရွာသည် ငွေကြေးမတတ်နိုင်သောကြောင့် စက်ကိရိယာပိုင်ဆိုင်မှု နည်းပါးပါသည်။ကျေးရွာတွင်လုပ်သားရှားပါးခြင်းကြောင့် အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရန် အနီးပတ်ဝန်းကျင်ရှိကျေးရွာများမှ ထွန်စက်များငှားရမ်းပြီး ထွန်ယက်လုပ်ကိုင်သည့်တောင်သူ (၃၀)ဦးခန့်ရှိပါသည်။ငှားရမ်းခအနေဖြင့် (၁)ကေလျှင် ၁၅၀၀၀ ခန့်ပေး၍ ငှားရမ်းရပါသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) | အသင့်အတင့်ကောင်းမွန်ပါသည်။ |
| ရေရင်းမြစ် | ဆည်မိုးရေအဝီစိတွင်းများမှ ရရှိပါသည်။ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | နွားချေး၊ကြက်ချေး၊မြေဆွေး၊ သစ်ရွက်ဆွေးများမှ ရရှိပါသည်။ |
| အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး | စိုက်ပျိုးရေးဆေးဆိုင်မှ ဝယ်ယူရရှိနိုင်ပါသည် |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ | စိုက်ပျိုးရေးဘဏ်နှင့် သမဦးစီးဌာနစသည်တို့မှ ရရှိပါသည် |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | စိုက်ပျိုးရေးကုမ္ပဏီ |
| သွင်းအားစုဈေးကွက် | မြို့နှင့်နီး၍ လက်လှမ်းမှီပါသည် |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | မင်းဘူး၊မကွေးမြို့များတွင် ရောင်းချနိုင် |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးမြေများ၏ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်၍ လယ်မြေများမှာ အိုင်းမဆည်မှရေရရှိ၍ ယာမြေများမှာ မိုးရေနှင့်မြေအောက်ရေကိုသာ အဓိကထားစိုက်ပျိုးရပါသည်။သဘာဝမြေဆွေးအနေဖြင့် နွားချေး၊ကြက်ချေး၊ သစ်ရွက်ဆွေးများအလွယ်တကူရရှိပြီး ပိုးသတ်ဆေးများအား ကျေးရွာနှင့်မြို့များတွင် အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုအနေဖြင့် စိုက်ပျိုးရေးစရိတ်အတွက် စိုက်ပျိုးရေးဘဏ်နှင့် သမဝါယမအသင်းတို့မှ ရရှိနိုင်ပါသည်။နည်းပညာအကူအညီအနေဖြင့် စိုက်ပျိုးရေးဆေးကုမ္ပဏီများမှ စိုက်ပျိုးရေးရာသီချိန်များတွင် နည်းပညာဟောပြောပွဲများ လာရောက်ပြုလုပ်ပေးပါသည်။သွင်းအားစုဈေးကွက်အနေဖြင့် မြို့နှင့်နီး၍လက်လှမ်းမှီ

ပါသည်။သီးနှံများအားမင်းဘူးနှင့် မကွေးမြို့များသို့ သွားရောက်ရောင်းချရပါသည်။

**(၂.၂.၁.၆)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | မရှိပါ။အခြားရွာများနှင့် ဆက်စပ်နေသောကြောင့် |
| မြေဆီသြဇာ အခြေအနေ | ဓာတ်မြေသြဇာ အလွန်အကျွံသုံးစွဲခြင်း |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | အချိန်မီမရ၍လုံလောက်မှုမရှိပါ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | ငွေကြေးမလုံလောက်၍ သွင်းအားစုများ အချိန်မှီအသုံးမချနိုင် |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | စိုက်ပျိုးမြေကေနှင့် လုပ်သားအင်အားမမျှတမှု |
| ရေရင်းမြစ်များ ရရှိနိုင်မှု | မိုးခေါင်သောနှစ်များတွင် ဆည်မြောင်းလက်တံမှ ရေပြည့်မီ အောင်မပေးနိုင်ခြင်း |
| စိုက်ပျိုးရေ မလုံလောက်မှု | မြောင်းလက်တံပျက်စီးခြင်း၊ပေါင်းပျက်စီးခြင်းကြောင့် ဆည်ရေများ ပုံမှန်မလာခြင်းကြောင့် |
| ဖျက်ပိုးနှင့် ရောဂါ | ရောဂါနှင့်ပိုးခွဲခြားမသိနိုင်ခြင်း |
| ဈေးကွက် လက်လှမ်းမီမှု | ဈေးကွက်လက်လှမ်းမှီသော်လည်း ဈေးမှန်မရပါ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာများပေးသော်လည်း လိုက်နာမှုအားနည်းခြင်း |
| အခြား | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးမြေတိုးချဲ့နိုင်မှုမရှိပါ။မြေဆီသြဇာ အခြေအနေမှာတော့ ဓာတုဆေးများစနစ်တကျ မသုံးစွဲခြင်းကြောင့် လွန်ကဲစွာအသုံးပြုမှု တို့ကြောင့် ဖြစ်ပါသည်။စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီရရှိအသုံးချနိုင်မှု ငွေကြေးမလုံ လောက်ပါ။စိုက်ပျိုးရေးသွင်းအားစုများကို ငွေကြေးမလုံလောက်၍ စိုက်ပျိုးရေးသွင်းအားစု များကို အချိန်မီမသုံးစွဲနိုင်ပါ။လုပ်သားကျွမ်းကျင်သူများသည် စိုက်ပျိုးရာသီမှသာ ရွာသို့ပြန်လာ လုပ်ကိုင်ကြပါသည်။မိုးခေါင်သောနှစ်များတွင် ဆည်မြောင်းလက်တံမှ ရေပြည့်မီအောင်မပေး

နိုင်ခြင်း၊ရေမြောင်းလက်တံပျက်စီးခြင်း၊ပေါင်းပျက်စီးခြင်းကြောင့် စိုက်ပျိုးရေမလုံလောက်မှု အနည်းငယ်ရှိပါသည်။ရောဂါနှင့်ပိုးခွဲခြားမသိနိုင်ခြင်း၊ ဆေးကုမ္ပဏီများမှ နည်းပညာပေး သော်လည်း မိရိုးဖလာနည်းအတိုင်းသာ စိုက်ပျိုးခြင်းတို့ကြောင့် သီးနှံထုတ်လုပ်မှုအနည်းငယ် အခက်အခဲရှိပါသည်။မြို့နှင့်နီး၍ဈေးကွက်အား လက်လှမ်းမှီသော်လည်း ဈေးမှန်မရှိပါ။

**(၂.၂.၂) မွေးမြူရေးလုပ်ငန်း**

**(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၆၀ | ၁၉၃ | |
| နို့စားနွား | | | |
| မြင်း | | | |
| ကျွဲ | | | |
| မြည်း | | | |
| လား | | | |
| ဆိတ် | | | |
| သိုး | | | |
| ဝက် | ၁၇ | ၂၇ | |
| ကြက် | ၅၆ | ၄၄၆ | |
| ဘဲ | | | |
| နွားနောက် | | | |
| အခြား | | | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | | | |
| ပုဇွန်ကန် | | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | | |
| အခြား | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် ခိုင်းနွားမွေးသောအိမ်ထောင်စု (၆၀)စု

ရှိပြီး စုစုပေါင်း (၁၉၃)ကောင်ရှိပါသည်။ဝက်မွေးသောအိမ်ထောင်စု (၁၇)စုရှိပြီး စုစုပေါင်း (၂၇)ကောင်ရှိပါသည်။ကြက်မွေးသောအိမ်ထောင်စု (၅၆)စု ရှိပြီး စုစုပေါင်းကောင်ရေ (၄၄၆)ကောင်ရှိပါသည်။ကုန်းတွင်းပိုင်းဒေသဖြစ်သောကြောင့် ငါးလုပ်ငန်းလုပ်ကိုင်သူမရှိပါ။

**(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ရိတ်သိမ်းပြီးချိန် လယ်ကွက်များရှိခြင်း |
| ရေရရှိမှု | ဆည်မြောင်းလက်တံနှင့် အဝီစိတွင်းများမှ ရေရရှိခြင်း |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | – |
| ချေးငွေ | သမဝါယမ |
| သွင်းအားစု ဈေးကွက် | ဆေးဝါးများဝယ်ယူရရှိခြင်း |
| ဝန်ဆောင်မှု ဈေးကွက် | တိမွေးကုသင်တန်းဆင်းများအား ခေါ်ယူရလွယ်ကူခြင်း |
| ထုတ်ကုန် ရောင်းဝယ်မှု | ဈေးကွက်များလက်လှမ်းမှီပါသည် |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | မြေနေရာနှင့်ကိုက်ညီမှုရှိသော တိရိစ္ဆာန်ကိုမွေးမြူခြင်း |
| အခြား | – |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | – |
| ချေးငွေ | – |
| သွင်းအားစု လက်လှမ်းမီမှု | – |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | – |
| ထုတ်ကုန် ရောင်းဝယ်မှု | – |
| အခြား | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

